ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

Community Driven Development Project

လူထုဗဟိုပြုစီမံကိန်း

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



## ကံ့ကော်မြိုင် ရပ်ကွက်၊ မြိုင်ကြီးငူအထူးဒေသ (၁)


လှိုင်းဘွဲ့မြို့နယ်၊ကရင်ပြည်နယ်။

၂၀၁၉ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲမြို့နယ်အခြေပြမြေပုံ ........................................ | ၃ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) ........................................ | ၄ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ........................................ | ၅ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ........................ | ၆ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ........................ | ၇ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) ........................ | ၈ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) ........................ | ၉ |
| | ၃။ ဥစ္စာခနေကြွယ်ဝမှုပြဇယား (Wealth Ranking) ........................ | ၁၀ |
| | ၄။ ကျား‌မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) ........................ | ၁၁ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ........................ | ၁၂ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)........................ | ၁၃ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၁၄ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) ........................................ | ၁၅-၁၈ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) ........................................ | ၁၉ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) ........................................ | ၂၀-၂၁ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ ........................................ | ၂၂-၂၄ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........................................ | ၂၆ |

# ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)

## ၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်း

1. ကံ့ကော်မြိုင် ရပ်ကွက်
2. လင်းလွန်းမြိုင် ရပ်ကွက်
3. မြနန်းမြိုင် ရပ်ကွက်
4. မြတ်လေးမြိုင် ရပ်ကွက်
5. စုံဝဏ္ဏာမြိုင် ရပ်ကွက်
6. နှင်းဆီမြိုင် ရပ်ကွက်
7. ချယ်ရီမြိုင် ရပ်ကွက်
8. နန်းပေါ်မြိုင် ရပ်ကွက်

## ၄။ ကျေးရွာသမိုင်းကြောင်း

### "ကံ့ကော်မြိုင်ရပ်ကွက် သမိုင်းအကြောင်း"

ကံ့ကော်မြိုင်ရပ်ကွက်သည် ၂၀၁၅ ခုနှစ်တွင် စတင်၍အတည်ပြုခဲ့ပါသည်။ ယခင်က ကံ့ကော်မြိုင်ရပ်ကွက်သည် အိမ်ခြေနည်းသဖြင့် လင်းလွန်းမြိုင်ရပ်ကွက်လက်အောက်တွင် တည်ရှိခဲ့ပါသည်။ ယခုအိမ်ခြေများလာ၍ ကံ့ကော်မြိုင်ရပ်ကွက် အနေဖြင့် ပေါ်ပေါက်လာခဲ့ပါသည်။

ကံ့ကော်မြိုင် ရပ်ကွက်သည် တောင်ဘက်တွင် တခွက်ဖိုးရွာနှင့် နီးပြီး အနောက်ဘက်တွင် ချောင်းကမ်းနံဘေး ကော့လုံကျွန်းထိပ် ရွာကြီးနှင့် နီးပါသည်။ အရှေ့ဘက်တွင် မြေလွတ်မြေရိုင်း ခြံကွက်များရှိပါသည်။ မြောက်ဘက်တွင် လင်းလွန်းမြိုင် ရပ်ကွက်နှင့် နီးပါသည်။


အသက်မွေးဝမ်းကြောင်း အနေဖြင့် တချို့မှာ ကိုင်း၊ လယ်ယာ၊ နှင့် ကျဘမ်းအလုပ်သမားများ ကိုလုပ်ကိုင်ကြပါသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေးအလွန် ကြမ်းတမ်းပြီး ချုံပုတ်၊ ကျောက်တုံးများဖြင့် ကြမ်းတမ်းပါသည်။ ယခုလက်ရှိအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းမွန်လာပါသည်။ အခြေခံအဆောက်အအုံများအနေဖြင့် ရေသန့်စက်ရုံ၊ စိုက်ပျိုးရေးခန်းမဆောင် နှင့် အိမ်တွင်းမှုသင်တန်းကျောင်းများရှိပါသည်။ ဘာသာရေးအဆောက်အဦးများနှင့် စေတီများမရှိပါ။ ရေသန့်စက်ရုံကို ၂၀၀၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အိမ်တွင်းမှု သင်တန်းကျောင်းကိုမူ ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား။

| စဉ် | အသုံးပြုခဲ့သော PRA tool များ | ဦးတည်အုပ်စုများ | အစည်းအဝေး | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ကျေးရွာလူထုများအားလုံး | ၁၀ | ၁၃ | အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ ကျေးရွာရှိ သဘာဝအရင်းအမြစ်များ။ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | ကော်မတီဝင်များ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲနွမ်းပါးသူများ | ၁၀ | ၁၂ | စီးပွားရေး၊ ဝင်ငွေရရှိမှု၊ ပွဲတော်ချိန်၊ ရာသီဥတု၊ ကျန်းမာရေးဆိုင်ရာ၊ ရေရရှိမှု။ |
| ၃ | ဥစ္စာခနကြွယ်ဝမှုပြဇယား (Wealth Ranking) | အဆင်ပြေ၊ အလယ်အလတ်၊ အဆင်မပြေသောအုပ်စုများ | ၁၀ | ၁၃ | ကျေးရွာလူမှုစီးပွားရေးအခြေအနေကို ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းသတ်ရန် လူထုအားလုံး သဘောတူဆောင်ရွက်ခြင်း။ |
| ၄ | ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိ အမျိုးသားများနှင့် အမျိုးသမီးများ | ၂၀ | ၂၅ | အမျိုးသားနှင့် အမျိုးသမီး အခွင့်အရေးတန်းတူညီမျှမှု နှင့် မရရှိသည့် အကြောင်းအရင်းများ ကို ဖော်ထုတ်ခြင်း။ |
| ၅ | အရင်းအမြစ် အသုံးချမှုပုံစံပြဇယား (Assest Mapping) | ကျေးရွာလူထုအားလုံး | ၁၀ | ၁၂ | ကျေးရွာရှိ သဘာဝအရင်းအမြစ်များ နှင့် လူမှုဆိုင်ရာအရင်း အမြစ်များအား မည်သူက အသုံးပြုပြီး မည်သူက ထိန်းချုပ် ထားရှိခြင်း။ |
| ၆ | အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင် နေသည့်အဖွဲ့၊ ကျေးရွာလူထု | ၁၀ | ၁၂ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်း များအတွက် မည်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ကိုင် ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံ အချက်အလက် (PC 1) | ရပ်ကွက်မှူး၊ အတွင်းရေးမှူး၊ ကျေးရွာလူထုများ၊ လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများ | ၆ | ၅ | အိမ်ခြေ၊ လူဦးရေ၊ လူမျိုးဘာသာ စသော လူမျိုးဘာသာ အ ခြေခံအချက်အလက်များ ဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများ၊ မျှော်မှန်း ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်း များ ဖော်ထုတ်ခြင်း | အမျိုးသား၊ အမျိုးသမီးနှင့် ကျေးရွာလူထုအားလုံး | ၂၀ | ၂၅ | ကျေးရွာတွင်း ရင်ဆိုင်နေရသော အခက်ခဲများ၊ ကျေးရွာလူ ထု၏မျှော်မှန်းချက်များ၊ ကျေးရွာ အတွက် ဦးစားပေးလုပ်ငန်း များဖော်ထုတ်ခြင်း။ |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ။


### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



### ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်နှင့်ဆွေးနွေးချက်များ

- လယ်ယာမြေနှင့် ရော်ဘာခြံ အချို့ရှိကြပြီး အသက်မွေးဝမ်းကြောင်း အနေဖြင့် ကြုံရာကျဘမ်းကို လုပ်ကိုင်ကြခြင်း။
- နွေရာသီတွင် သောက်သုံးရေးရှားပါးမှုဖြစ်ပြီး စိုက်ပျိုးမြေ အနည်းငယ်သာရှိခြင်း။
- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာ၏အဓိက ကျသောနေရာတွင် အဆင်ပြေသော အုပ်စုများက အများအားဖြင့်နေထိုင်ကြပြီး ဆိုင်ခန်းဖွင့်ခြင်း၊ ကွတ်တီယိုဆိုင်များ ရှိခြင်း။
- အဆင်မပြေသောအုပ်စုများက ရွာအတွင်းဘက်တွင် နေထိုင်ပြီး ကြုံရာကျဘမ်းလုပ်ကိုင်ခြင်း။
- တစ်ရပ်ကွက်လုံး ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည်ကြပြီး သက်သတ်လွတ်ကိုသာ စားသောက်ကြခြင်း။
- လျှပ်စစ်မီးတိုင် နှင့် မီးကြိုးမရှိသဖြင့် မီးလင်းရေကို ရရှိရန် မျှော်မှန်းခြင်း။
- ရွာအတွင်းဘက်ရှိ ချောင်းငယ်ကို ဖြတ်ရန် တံတားငယ်မရှိသဖြင့် မိုးရာသီတွင် ကား၊ ဆိုင်ကယ် သွားလာရန်အခက်ခဲရှိခြင်း။
- ရပ်ကွက်တွင် အိမ်တွင်းမှုသင်တန်းကျောင်း၊ ရေသန့်စက်ရုံ၊ စိုက်ပျိုးရေးခန်းမဆောင် ရှိခြင်း။

## ၂။ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)




### ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း

**ကျေးရွာ- ကံ့ကော်မြိုင် ရပ်ကွက်** **အုပ်စု- မြိုင်ကြီးငူအထူးဒေသ (၁)**

**ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ - ကျား (၁၂) ဦး၊ မ (၁၃) ဦး**

- အစိုးရဝန်ထမ်း၊ NGOs ၊ နေ့စားအလုပ်သမား၊ လယ်ယာလုပ်ငန်းအချို့၊ ပန်ရံအလုပ်၊ ဆိုင်ကယ် ကယ်ရီမောင်းခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြခြင်း။
- တန်ခူး၊ ကဆုန်၊ တပေါင်းလများတွင် အလွန်ပူပြင်းပြီး သောက်သုံးရေအလွန်ရှားပါးခြင်း။
- ဝါဆို နှင့် ဝါခေါင် လများတွင် မိုးသည်းထန်သဖြင့် မြေနိမ့်ပိုင်း (အဆင်မပြေသော အုပ်စု) တွင် ရေကြီးမှုကို နှစ်တိုင်းလိုလို တွေ့ကြုံခံစားနေရခြင်း။
- နယုန်၊ နတ်တော်၊ တပေါင်းလများတွင် ပွဲတော်များ မကျင်းပကြပါ။
- ဝင်ငွေသည် အလွန်နည်းပြီး ထွက်ငွေများခြင်း။
- ဆရာတော်ဘုရား ပြုလုပ်သော စေတီပုထိုးပြုပြင်ခြင်း၊ ကျောင်းဆောင်တည်ဆောက်ခြင်း၊ ကျောက် စာရေးခြင်း၊ လမ်းပြုပြင်ခြင်း အစရှိသည်များကို သွားရောကူသိုလ် ပြုလုပ်ခြင်း။
- သဘာဝဘေးအန္တရာယ်အနေဖြင့် ရေကြီးခြင်း၊ မီးလောင်ခြင်း များဖြစ်ပွားမှုဖြစ်ခြင်း။

## ၃။ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking)



ဥစ္စာနေကြွယ်ဝမှုပြဇယား

ကျေးရွာ – ကံ့ကော်မြိုင်ရပ်ကွက် ရက်စွဲ – ၃.၆.၂၀၁၉

ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ – ကျား (၁၀) ဦး မ (၁၃) ဦး

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အုပ်စု | ကား ၊ တိုက်အိမ် ၊ ဝပ်ရှော့ရုံ ၊ ဆိုင်ကယ် ၊ စက်ဘီး ၊ ရာဘာခြံ ၊ ကြံခင်း | ၅ | ၉% |
| အလယ်အလတ် အုပ်စု | ပျဉ်ထောင်အိမ် (သွပ်မိုး) ၊ နွား | ၂၃ | ၄၃% |
| အဆင်မပြေသော အုပ်စု | ဝါးအိမ်၊ နေ့စားအလုပ်လုပ်ကိုင် | ၂၆ | ၄၈% |
| | | ၅၄ | ၁၀၀% |


**ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း**

**ကျေးရွာ- ကံ့ကော်မြိုင် ရပ်ကွက်** **အုပ်စု- မြိုင်ကြီးငူအထူးဒေသ (၁)**

**ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ - ကျား (၁၂) ဦး၊ မ (၁၃) ဦး**

- ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ရာတွင် အဆင်ပြေသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ အဆင်မပြေသော အုပ်စုဟူ၍ (၃) အုပ်စု ခွဲခြားထားပါသည်။
- ကျေးရွာအတွင်းရှိ အဆင်ပြေသောအုပ်စုများသည် အိမ်ထောင်စုအနေဖြင့် (၅) စုရှိပြီး ပိုင်ဆိုင်မှုသွင်ပြင်လက္ခဏာများအနေဖြင့် ကား၊ တိုက်အိမ်၊ ဝပ်ရှော့ရုံ၊ ဆိုင်ကယ်၊ စက်ဘီး၊ ရာဘာခြံ နှင့် ကြံခင်းတိုကို ပိုင်ဆိုင်ကြခြင်း။
- အလယ်အလတ် အုပ်စုအနေဖြင့် အိမ်ထောင်စု (၂၃) စုရှိပြီး ပျဉ်ထောင်အိမ်( သွပ်အိမ်)၊ နွား၊ ဆိုင်ကယ် ကယ်ရီအလုပ်များဖြင့် အသက်မွေးဝမ်းကြောင်းကြခြင်း။
- အဆင်မပြေသော အုပ်စုများမှာ (၂၆) စုရှိပါသည်။ ပိုင်ဆိုင်မှုများမှာ ဝါးအိမ် နှင့် နေ့စားအလုပ်သမားအလုပ်ကို လုပ်ကိုင်စားသောက်ကြခြင်း။

## ၄။ ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



**ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း**


**ကျေးရွာ- ကံ့ကော်မြိုင် ရပ်ကွက်** **အုပ်စု- မြိုင်ကြီးငူအထူးဒေသ (၁)**


**ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ - ကျား (၁၂) ဦး၊ မ (၁၃) ဦး**

အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်လမ်း၊ ဝင်ငွေရရှိမှု၊ ပညာရေးတို့သည် အားနည်းသည်။ အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရလေ့ရှိပါသည်။ ပူးပေါင်းပါဝင်မှု၊ ဦးဆောင်နိုင်မှု၊ နှင့် ဆုံးဖြတ်ချက်ချမှု တို့သည် အားနည်းပါသည်။

- ပူးပေါင်းပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှု တို့သည် အမျိုးသားများနှင့် တိုင်ပင်ဆွေးနွေးကာ အကြောင်းအရင်းပေါ်လျှင် အလှည့်ကျစနစ်ဖြင့် သွားပါသည်။
- ဦးဆောင်မှုကို အများအားဖြင့် အမျိုးသားများသာ ဦးဆောင်ဆုံးဖြတ်ကြပြီး အချို့မှာ ပညာရေးပိုင်းတွင် အားနည်းနေပါသည်။

## ၅။ အရင်းအမြစ်အသုံးချမှုနှင့် ပိုင်ဆိုင်မှုပုံစံပြဇယား(Asset Mapping)





### ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း


**ကျေးရွာ- ကံ့ကော်မြိုင် ရပ်ကွက်** **အုပ်စု- မြိုင်ကြီးငူအထူးဒေသ (၁)**

**ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ - ကျား (၁၂) ဦး၊ မ (၁၃) ဦး**

- အမျိုးသားများသည် ဘောလုံးကွင်းနှင့် ခြင်းခတ်ကွင်းတို့ကို အသုံးပြုမှုများပြီး အမျိုးသမီးများက အပ်ချုပ်စက်အပါအဝင် အလှအပပစ္စည်းများကိုလည်း အသုံးပြုကြသည်။ လမ်း၊ တံတား၊ တော/တောင်၊ လယ်ကွင်း၊ ဆိုင်ကယ်၊ နှင့် ချောင်းများ စသည်တို့ကို အမျိုးသား၊ အမျိုးသမီးများ နှစ်ဦးလုံး အသုံးပြုကြသည်။
- လယ်ကွင်း၊ ဘောလုံးကွင်း၊ ခြင်းလုံးကွင်း၊ များကို အမျိုးသားများက ထိန်းချုပ်ကြပြီး အပ်ချုပ်စက်များကို အမျိုးသမီးများ ထိန်းချုပ်ကြသည်။ လမ်း၊ တံတား၊ တော/တောင်၊ ဆိုင်ကယ်၊ ချောင်းများကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံးက ထိန်းချုပ်ကြသည်။
- ရပ်ကွက်အတွင်းရှိ အမျိုးသမီးများသည် တန်းတူအခွင့်အရေးကို အပြည့်အဝများ မရရှိသေးပါ။ ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာအရ တန်းတူအခွင့်ရေးရရန် ကြန့်ကြာနေပါသည်။ ဥပမာ- ဘာသာရေး၊ ပညာရေး အစရှိသော အရာများတွင် ကြန့်ကြာရတတ်သည်။ ထို့ကြောင့် အမျိုးသားအနေဖြင့် အမျိုးသမီးများအား လက်တွဲခေါ်ယူခြင်း၊ အားပေးခြင်း၊ အခွင့်အရေးပေးခြင်း၊ အသိပညာဗဟုသုတများ မျှဝေခြင်းဖြင့် တန်းတူအခွင့်ရေးများ ရရှိနိုင်ပါသည်။

## ၆။အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)





**ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း**

**ကျေးရွာ- ကံ့ကော်မြိုင် ရပ်ကွက်** **အုပ်စု- မြိုင်ကြီးငူအထူးဒေသ (၁)**

**ပူးပေါင်းပါဝင်ဆွေးနွေးသူ ဦးရေ - ကျား (၁၀) ဦး၊ မ (၁၂) ဦး**

- ကျေးရွာအတွင်းရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းမှာ အုပ်ချုပ်ရေးအဖွဲ့နှင့် သာရေး၊ နာရေးအဖွဲ့ တို့ ဖြစ်ပြီး ကျေးရွာထိတွေ့မှုအများဆုံးဖြစ်သည်။
- ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ ကျန်းမာရေးအဖွဲ့နှင့် စိုက်ပျိုးရေးအဖွဲ့တို့ဖြစ်သည်။
- ကျေးရွာအတွင်းရှိ အပျိုလူပျိုအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ပရဟိတအသင်းအဖွဲ့၊ ရေကော်မတီအဖွဲ့များ ထားရှိရန် လိုအပ်ပါသည်။

## ဂျကမောလဲကျောင်းကျေးရွာစီမံခန့်ခွဲမှုအထောက်အထားပြုကော်မတီဝင်များစာရင်း

### ကျေးရွာစီမံခန့်ခွဲမှုကော်မတီဝင်များစာရင်း

အုပ်စု - မြိုင်ကြီးငူအထူးဒေသ (၁) ရပ်ကွက် - ကံ့ကော်မြိုင်ရပ်ကွက်

| စဉ် | အမည် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးရွှေသီး | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | ၀၉၇၉၄၃၂၇၅၃၇ |
| ၂ | ဒေါ်သန်းသန်းငွေ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | ၀၉၇၆၁၈၇၀၆၁၉ |
| ၃ | ဦးစောကလို့လွဲ | ဝယ်ယူရေးဆပ်ကော်မတီ | ၀၉၄၂၅၂၉၄၂၈၂ |
| ၄ | ဒေါ်နီနီလွင် | ဝယ်ယူရေးဆပ်ကော်မတီ | ၀၉၇၆၁၈၇၀၆၂၀ |
| ၅ | ဦးပါဝီ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ၀၉၄၄၆၃၉၉၅၂၈ |
| ၆ | ဒေါ်မီးမီး | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | - |
| ၇ | ဦးစံထွန်းမြင့် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | - |
| ၈ | ဒေါ်ယာဒါး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ၀၉၇၇၀၃၈၃၈၅၆ |
| ၉ | ဦးစောမောင်မောင် | ရပ်ကွက်စာရင်းကိုင် | ၀၉၂၅၅၉၈၆၀၂၂ |
| ၁၀ | ဦးလွှမ်းဝေ | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၂၆၆၈၅၂၅၁၆ |
| ၁၁ | ဒေါ်လှလှငွေ | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၇၉၁၅၈၀၇၀၃ |
| ၁၂ | ဦးစောပန်းလွင် | ဝေဖန်အကြံပြုကိုယ်စားလှယ် | ၀၉၄၂၅၀၁၀၅၈၈ |
| ၁၃ | ဒေါ်ဖိုးချေချေ | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |

## ၈။ ကျေးရွာအချက်အလက်များ(PC 1)

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | (၁၄၄) ဦး | (၁၇၈) ဦး | (၃၂၂) ဦး |
| လူမျိုးစု (၁)-ပိုးကရင် | (၉၂) ဦး ✓ | (၁၁၂) ဦး ✓ | (၂၀၄) ဦး ✓ |
| လူမျိုးစု (၂)-စကောကရင် | (၅၂) ဦး ✓ | (၆၆) ဦး ✓ | (၁၁၈) ဦး ✓ |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၄၉ ✓ | ၅ ✓ | ၅၄ ✓ * |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ ✓ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် ကံကော်မြိုင်ရွာတွင် ကျောင်းမရှိပဲ လင်းလွန်းမြိုင်ရွာတွင် ကျောင်းတက်ရပါသည်။ | | | မှတ်ချက် ကံကော်မြိုင်ရွာတွင် ကျန်းမာရေးနှင့်သက်ဆိုင်သော အဆောက်အအုံများ မရှိပဲ စုလ္လာမြိုင်တွင် ဆေးရုံတက်ရပါသည်။ | | | မှတ်ချက် ကံကော်မြိုင်ရွာတွင် အဓိကဘုန်းကြီးကျောင်း မရှိပဲ တခြားရွာတွင် သွားရောက်တက်ရပါသည်။ | | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အလက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် ကံကော်မြို့ရပ်ကွက်တွင် (၄)တန်းစာသင်ပြ အစိုးရကျောင်း ဆရာမတစ်ဦးရှိသည်။ (တခြားရွာတွင် စာသင်သည်) | | | မှတ်ချက် ကံကော်မြို့ရပ်ကွက်တွင် သားဖွားဆရာမ (၁)ဦး နှင့် အမျိုးသမီးကျန်းမာရေးဆရာမ များရှိသည်။ (တခြားကျေးရွာတွင် ဆေးကုသသည်) | | | မှတ်ချက် ကံကော်မြို့ရပ်ကွက် ပန်းရံ အတတ် အနည်းငယ် တတ်သူ ရှိသည်။ | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှဌင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် (၁၁) /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် (၁၅) မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် (၁၅) မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ- လွန်ခဲ့သော ၂ နှစ်ခန့်က တောမီးလောင်မှုဖြစ်ခဲ့ဖူးပါသည်။ (တောမီးလောင်မှု) ကံကောင်းမြို့ရပ်ကွက် ကျေးရွာ တွင်ရှိ၍ ရေကြီးမှု မဖြစ်ပါ။

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိပါ။

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဝေသီ


[Stamp: ကန့်ကော်မြိုင်အုပ်ချုပ်ရေးမှူး / စုံနံ့သာမြိုင်ဆွေမြို့တော် / မြစ်ကြီးငူး၊ လှိုင်းဘွဲ့မြို့နယ်]

လက်မှတ် [signature] နေ့စွဲ 3-6-19

လူထုစည်းရုံးရေးမှူး အမည် ဒေါ်လင်းစန္ဒာဝေ

လက်မှတ် [signature] နေ့စွဲ 3.6.19


## ၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)



ပုံစံ ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)


| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းလင်းစန္ဒာငွေ | | | |
| နေ့စွဲ ၃.၆.၂၀၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ကိုကော်မြိုင်ရပ်ကွက် [?] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃.၆.၂၀၁၉ | ၃.၆.၂၀၁၉ | ၂၀ | ၂၅ | ၅၄ | ၄၅ | ကရင် | ၅၄ | ၈၃.၃၃% [?] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၃.၆.၂၀၁၉ | ၃.၆.၂၀၁၉ | ၂၀ | ၂၅ | ၅၄ | ၄၅ | ကရင် | ၅၄ | ၈၃.၃၃% [?] |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | — | — | — | — | — | — | — | — | — |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၂.၇.၂၀၁၉ | ၁၂.၇.၁၉ | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |



| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

# ၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက် အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အဆောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နှင်းလင်းဆွာငွေ | |
| နေ့စွဲ ၃.၆.၂၀၁၉ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကချင် | မြစ်ကြီးနား | [illegible] | [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးအတွက် ဆေးကုသရာတွင် အခက်အခဲရှိခြင်း။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| မိုးရာသီတွင် တံတားပြုပ်သောကြောင့်သွားလာရေး အဆင်မပြေရှိခြင်း။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| ရေတွင်းတူးရန်အချက်ရှိ ငွေရေးဒိတွင် ရေမလုံလောက်ခြင်း။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| မီးလင်းရေး မရှိသောကြောင့် လူနေမှုခက်ခဲခြင်း။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| လမ်းမကောင်းသဖြင့် သွားလာရခက်ခဲခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |

အလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့် ငွေကြေးနည်းပါးခြင်း။ ☐ ကျား ☐ မ ☑ ကျား+မ

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ဆေးပေးခန်း ရရှိစေရန်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| တံတား ရရှိစေရန်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| သောက်သုံးရေ ဖူလုံစေရန်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| မီးလင်းရေး ရရှိရန်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်။ | ☐ ကျား ☑ မ ☐ ကျား+ မ |

အလုပ်အကိုင် အခွင့်အလမ်း ရရှိရန်။ ☐ ကျား ☐ မ ☑ ကျား+မ

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အသုံးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူနှင့် ခန့်မှန်းခြေဦးရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ ပထမ | အဝီစိတွင်းတူး + ရေစစ် ကန်ဆောက်လုပ်ခြင်း | က + မ | ရေ | ၁၅၀ သိန်း | ၁၄၄ | ၁၇၈ | ၃၂၂ |
| ၂ | [illegible] | က + မ | [illegible] | ၁၀ သိန်း | ၁၄၄ | ၁၇၈ | ၃၂၂ |
| ၃ | [illegible] | က + မ | [illegible] | ၁၄၈ သိန်း | ၁၄၄ | ၁၇၈ | ၃၂၂ |
| ၄ | [illegible] | က | [illegible] | ၁၂၀ သိန်း | ၁၄၄ | - | ၁၄၄ |
| ၅ | [illegible] | က + မ | [illegible] | — | ၁၄၄ | ၁၇၈ | ၃၂၂ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အသုံးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ |
|---|---|---|---|
| ၁ | [illegible] သင်တန်း | က | သင်တန်း |
| ၂ | အဆင့်မြင့်အပ်ချုပ်သင်တန်း | မ | သင်တန်း |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှအတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၃.၆.၂၀၁၉

## ၁၁။ ကျေးရွာပထမအကြိမ်အစည်းအဝေးမှတ်တမ်း။

**"အစည်းအဝေးမှတ်တမ်း"**

ကျေးရွာအမည် - ကံ့ကော်မြိုင်ရပ်ကွက် အချိန်/ နေ့ရက် - နံနက် ၉:၀၀/၃.၆.၂၀၁၉

အုပ်စုအမည် - မြိုင်ကြီးငူအထူးဒေသ (၁) နေရာ - စိုက်ပျိုးရေးခန်းမဆောင်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ - ***"ပထမအကြိမ် အစည်းအဝေး"***

**ဆွေးနွေးချက် နှင့် ဆုံးဖြတ်ချက်**

ပထမဦးစွာ တက်ရောက်လာသူများမှ နာမည်စာရင်းများအား **(စ-၁၁)** ကို ကောက်ယူပါသည်။ အစည်းအဝေ ကို တနင်္လာနေ့၊ နံနက် (၉:၀၀) နာရီအချိန်တွင် အစည်းအဝေးကို စိုက်ပျိုးရေးဆောင် ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ ကံ့ကော်မြိုင် ရပ်ကွက်မှူးမှ ဦးရွှေသီးမှ အဖွင့်အမှာ စကားပြောကြားပြီး အမှာစကားတွင် တက်ရောက်လာကြသော ရွာသူ၊ ရွာသားများ ကို ကျေးဇူးတင်ကြောင်း၊ လူထုဗဟိုပြု စီမံကိန်းကို လည်း ကျေးဇူး တင်ကြောင်း၊ အစည်းဝေးကို ပြီးဆုံးသည်အချိန်ထိ နေစေလိုကြောင်း အစရှိသည် များကို ပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူးမှ *လူထုဗဟိုပြု စီမံကိန်းအကြောင်းနှင့် အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို* ပြောကြားခဲ့ပါသည်။ ထိုနောက် လူထုစည်းရုံးရေးမှူးမှ သက်ဆိုင်ရာ တာဝန်ကျဆရာ၊ ဆရာမများနှင့် မိတ်ဆက်ကာ အစည်းအဝေးကို စတင်ခဲ့ပါသည်။

*စီမံကိန်းစက်*ဝန်းအကြောင်း အားရှင်းပြကာ လူထုအနေဖြင့် ပူးပေါင်းပါဝင်ရမည့် အကြိမ်အရေအတွက်မှာ <u>**သုံးကြိမ်သာ**</u> ဖြစ်ကြောင်းနှင့် လူထုအားလုံး၏ ဆန္ဒကို မေးမြန်းကာ လူထုအားလုံးပူးပေါင်းပါဝင်မှု ပြုလုပ်မည် ဖြစ်ကြောင်းနှင့် ပူးပေါင်းပါဝင်မှု မပြုလုပ်ပါက စီမံကိန်းဆက်လုပ်၍ ရမည်မဟုတ်ကြောင်းပြောပြခဲ့ပါသည်။

ဆက်လက်ပြီး *စီမံကိန်း ရန်ပုံငွေအကြောင်း* ကို ရှင်းပြကာ ရန်ပုံငွေကို အုပ်စုအနေဖြင့် ပေးကြောင်း၊ ရပ်ကွက် တစ်ရပ်ကွက်အနေဖြင့် ပမာဏ မည်မျှပေးမည်ကို သတ်မှတ်ထားခြင်း မရှိကြောင်း၊ ရပ်ကွက်၏ လုပ်ငန်းများ ခန်မှန်းကုန်ကျစရိတ်ပေါ်မူတည်ပြီး အုပ်စုအနေဖြင့် သတ်မှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ပထမနစ်စက်ဝန်းအတွက် **ရန်ပုံငွေမှာ ၈၀၀၀၀၀၀** ဖြစ်သည်။

ထိုနောက် ကျေးရွာစေတနာ့ ဝန်ထမ်းကို ရွေးချယ်ရန်အတွက် ကျေးရွာစေတနာ့ ဝန်းထမ်း လုပ်ဆောင်ရ မည့်တာဝန်နှင့် ဝတ္တရာကို လူထုစည်းရုံးရေးမှူးမှ ရှင်းပြကာ စေတနာ့ဝန်ထမ်းအတွက် ကျား ၁ ဦးနှင့် မ ၁ ဦးကို ရွာ လူထုများက မဲထည့်စနစ်ဖြင့် ထည့်လျှင် အချိန်ကြန်ကြာသဖြင့် အဆိုပြုစနစ်ဖြင့် ရွေးချယ်ရန် တောင်းဆိုခဲ့သည်။ ယင်းနောက် လူထုစည်းရုံးရေးမှူးမှ အဆိုပြုစနစ်ဖြင့် ကျေးရွာစေတနာ့ ဝန်ထမ်းကို သဘောတူ ရွေးချယ်ခဲ့ကြသည်။

ထိုနောက် လူမှုဆန်းစစ်ခြင်း (PRA Tools) ၆-ခု ကို ရွေးချယ်အဖွဲ့လိုက် ဆွေးနွေးရန်အတွက် လူထုစည်းရုံးရေးမှူးမှ အဖွဲ့ ၃ ဖွဲ့ခွဲကာ ဆွေးနွေးခဲ့ကြသည်။ လူထုစည်းရုံးမှူး နန်းလင်းစန္ဒာဌေး နှင့် စိုင်းရန်နောင် လင်း၊ လက်ထောက်နည်းပညာမှူး မိအောင်ဉာဏ်ထောမှ အသီးသီး အဖွဲ့ခွဲကာ PRA ကို ဆွေးနွေးခဲ့ကြသည်။ အဖွဲ့တစ်ဖွဲ့တွင် အမျိုးသားနှင့် အမျိုးကို ရောပြီး ဖွဲ့ထားခဲ့ကြသည်။ နောက်ဆုံးတွင် PRA tool များကို အောင်မြင် စွာပြုလုပ်နိုင်ခဲ့သည်။

## ၁၁။ ကျေးရွာ ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

**"အစည်းအဝေးမှတ်တမ်း"**

ကျေးရွာအမည် - ကံ့ကော်မြိုင်ရပ်ကွက် အချိန်/ နေ့ရက် - နံနက် ၁၂:၀၀/၃.၆.၂၀၁၉

အုပ်စုအမည် - မြိုင်ကြီးငူအထူးဒေသ (၁) နေရာ - စိုက်ပျိုးရေးခန်းမဆောင်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ - ***"ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး"***

**ဆွေးနွေးချက် နှင့် ဆုံးဖြတ်ချက်**

နံနက်ပိုင်း တွင် ဆွေးနွေးထားခဲ့သော PRA tool များကို အဖွဲ့လိုက်ဆွေးနွေးခဲ့ရာ ထွက်လာသော တစ်ခု ချင်းဆီကို လူထုစည်းရုံးရေးမှူးမှ ပြန်လည်တင်ပြခဲ့ပါသည်။ ရပ်ကွက်သူ/ ရပ်ကွက်သားများကလည်း လိုအပ် သည်ကို ဖြည့်စွက်ပြောပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထိုနောက်တွင် ကျေးရွာအတွင်း အခက်အခဲ၊ မျှော်မှန်းချက်များကို လူထုစည်းရုံးရေးမှူးမှ ရှင်းပြပြီး ဆွေး နွေးရန်အတွက် အမျိုးသား တစ်ဖွဲ့နှင့် အမျိုးတစ်ဖွဲ့ ဟူ၍ နှစ်ဖွဲ့ခွဲကာဆွေးနွေးခဲ့ကြသည်။ ထိုနောက် ရရှိလာ သောလုပ်ငန်းခွဲများကို ဦးစားပေးအဆင့် လုပ်ငန်းရွေးချယ်သတ်မှတ်ရန်အတွက် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲကြသည်။ မဲထည့်ပုံထည့်နည်း အကြောင်းကို လူထုစည်းရုံးရေးမှူးမှ ရှင်းပြကာ မဲကို လက်ထောက်နည်း ပညာမှူးမှ ဝေကာ လူထုစည်းရုံးရေးမှူးက မဲရုံ ကိုစောင့်ကြည့်ကာ မသိသူများကို ပြန်လည်ရှင်း ပြသည်။ ယင်းနောက် ရရှိလာသော မဲများကုု ရေတွက်ရန်အတွက် စေတနာ့ဝန် ထမ်းနှစ်ယောက်ကို ပွင့်လင်းမြင်သာစွာဖြင့် မဲရေတွက် စေသည်။

ထိုနောက် လူထုစည်းရုံးရေးမှူးမှ အကျုံးဝင်သောလုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်းအကြောင်းကို ရွာ သားများ သိရှိနားလည် သဘောပေါက်အောင် ရှင်းပြခဲ့ပါ သည်။ထိုနောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီ ၁ ဦး ချင်း၏ တာဝန်နှင့် ဝတ္တရား၊ ရှောင်ရန်၊ ဆောင်ရန်များကို လည်း နားလည်သဘောပေါက်စေပြီး ကော်မတီဝင်များကို အဆိုပြုစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ ကော်မတီဝင်များတွင် အမျိုးသားနှင် အမျိုးသမီးအချိုးတူညီ ရမည်ဖြစ်သည်။ ကော်မတီဝင်များ ၁၃ ယောက်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ နောက်ဆုံးအနေဖြ င် ကော်မတီဝင်များ နှင့်အတူ အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။




ကျေးရွာအခက်ခဲများကို ရွာသားတစ်ဦးမှ တင်ပြနေစဉ်

ဦးစားပေးလုပ်ငန်း ရွေးချယ် မဲထည့်ခြင်း





အဖွဲ့လိုက် PRA tools ရေးဆွဲခြင်း



မဲရလဒ်အား ပွင့်လင်းမြင်သာစွာ ရေတွက်ခြင်း



အဖွဲ့လိုက် PRA tools ရေးဆွဲခြင်း



အမျိုးသမီးတစ်ဦးမှ မဲပေးခြင်း



## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းချုပ်ဇယား

### "ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်း ချုပ်ပြဇယား"

ရပ်ကွက် - ကံ့ကော်မြိုင်ရပ်ကွက် | အုပ်စု - မြိုင်ကြီးငူအထူးဒေသ (၁)

| ကဏ္ဍ | ဦးစားပေး အဆင့် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့ စည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား + မ | | | |
| အခြေခံအဆောက်အဦးကဏ္ဍ (လမ်း၊ ရေရရှိရေး၊ မီးလင်းရေး) | ၁ | အဝီစိတွင်း၊ ရေစင် တည်ဆောက်ခြင်း။ | | | √ | ၂၀၂၀ | CDD, DRD | |
| | ၂ | မီးတိုင်၊ မီးကြိုးသွယ်တန်းခြင်း။ | | | √ | ၂၀၂၀ | CDD, လျှပ်စစ် | |
| | ၃ | ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း။ | | | √ | ၂၀၂၁ | CDD, DRD | |
| လူမှုစီးပွားရေးအခန်းကဏ္ဍ (ကျန်းမာရေးနှင့် ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | ကွန်ကရစ်တံတားတည်ဆောက် ခြင်း။ | √ | | | ၂၀၁၉ | CDD, DRD | |
| | ၂ | ဆေးပေးခန်း တည်ဆောက်ခြင်း။ | | | √ | ၂၀၂၁ | CDD, ကျန်းမာရေး | |
| အသက်မွေးဝမ်းကြောင်းသင်တန်း | ၁ | ဝပ်ရှော့သင်တန်း | √ | | | - | - | |
| | ၂ | အဆင့်မြင့် စက်ချုပ်သင်တန်း | | √ | | - | - | |